**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၅၄ ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၈-၅-၂၀၁၅ ] ( ကြာသပတေးနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့တွင် ဝေးလံခေါင်သီဒေသမှ ဝန်ထမ်းများ လစာ(၂)ဆရရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများကိုလည်း လစာ(၂)ဆရရှိစေရန် နှစ်စဉ်ရရှိသော မြို့နယ်အခွန် ရငွေမှ ခွဲဝေပေးနေသဖြင့် မြို့နယ်တစ်ခုလုံး စည်ပင်သာယာရေးလုပ်ငန်းအတွက် လက်ကျန်ငွေနည်းပါးနေသောကြောင့် မြို့နယ်ရရှိအခွန်ငွေမှ နုတ်ယူခြင်းမပြုဘဲ သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများမှ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းလစာ (တစ်)ဆကို တိုးပေးနိုင်ခြင်းရှိ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ရုံး ဖွင့်လှစ်ထားသော မြေအဆောက်အဦ၊ ဆိုင်ခန်းနှင့် ၎င်းအဆောက်အဦ ဆောက်လုပ်ထားသော နှစ်(၃၀) မြေငှားဂရန် စာချုပ်သည် ဒေါ်စန်းမြင့်ပိုင် ဟုတ်မဟုတ်သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သဘာဝဘေးဒဏ်ကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုအတွက် စိုက်ပျိုးစရိတ် ချေးငွေ အကြွေးများအား ဆိုင်းငံ့ထားပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညွန့်လှိုင်၊ ဖြူး မဲဆန္ဒနယ်၏ **တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ တောင်သူလယ်သမားများကို ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းပညာပေး လုပ်ငန်းများ Knowledge Extension Works ၊ ဘက်စုံအကျိုးပြု သီးနှံများ Multipurpose Cropping Pattern များ အကောင်အထည် ဖော်၍ ပြည်တွင်းမှာလည်း စားသုံးဆီကစ၍ ဖူလုံပြီး ပြည်ပသို့လည်း စီးပွားဖြစ်တင်ပို့ ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ Logistics Management Programme များအတွက် မေးမြန်းခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာအောင်မိုးညို၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **မကွေးမြို့နယ်၊ မြို့နယ် နိမိတ် တိုးချဲ့ရေး စီမံကိန်းအား အကောင်အထည်ဖော်ရာတွင် ဒေသခံကျေးရွာအုပ်စု (၁၃)အုပ်စုမှ ယာမြေဧက (၂၅၅၀၂)ကို သိမ်းဆည်းရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ စဉ်းစား ဆုံးဖြတ်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **မြစ်ကြီးနားမြို့၊ နန်းကွေ့ ကျေးရွာအုပ်စုမှ တောင်သူ (၉၀) ဦး၏ လယ်မြေဧကမြေ (၄၁၆) ဧကကို သိမ်းဆည်းထားသော သီရိဘက်စုံ ကုမ္ပဏီက စွန့်လွှတ်ပေးနိုင်ခြင်းရှိ၊မရှိနှင့် ဦးတိန်ကော်ဇော်တောင်ပါ (၅) ဦးအပေါ် တရားစွဲဆိုထားခြင်းကို အမှုပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **ခန္တီးမြို့နယ်၊ ပေါင်ဆိုင်ကျေးရွာ၌ တရားမဝင် ရွှေလုပ်ကွက် လုပ်ကိုင်နေသော ကုမ္ပဏီများ၊ ရေအားလျှပ်စစ် တည်တံ့မှုကြောင့် ပြန်လည်ပြုပြင်ခြင်း မရှိသော တရားဝင်၊ တရားမဝင် ရွှေတူးဖော်ခွင့် ရရှိသော ကုမ္ပဏီများကို အရေးယူခြင်း ရှိ၊ မရှိနှင့် ချင်းတွင်းမြစ်တစ်လျှောက် တရားမဝင် ရွှေတူးဖော်ခြင်း လုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အနေဖြင့် သိပါသလား** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တင်သွင်းသော **"ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။